
နှင်းထက်
အရိပ်မဲ့ချစ်ခြင်း

## အခန်း(၁)

နာမည်ကြီးသော ကိုယ်ပိုင်အထက်တန်းကျောင်း၏ ပတ်ဝန်းကျင်မှာ ခြောက်ကပ် တိတ်ဆိတ်လွန်း၍ စိတ်ချောက်ချားဖွယ် ကောင်းလှ၏။ နွေဦး ရာသီဖြစ်ပြီး သစ်ပင်က သစ်ရွက်များကလည်း ခြောက်ကာ လေညင်း ကြောင့် မြေပြင်ပေါ်သို့ အလူးအလိမ့် ကြွေဆင်းနေကြသည်။

ကျောင်းကြီးက ငါးထပ်တိုက်ကြီးဖြစ်သည်။ လှေကားဝမှာ ရပ်နေသော သူက ဆူးရစ်ဆိုသည့် ကျောင်းသူမလေးတစ်ဦး ဖြစ်သည်။ သူသည် အားနွဲ့ သလိုနှင့် တည်ငြိမ်မာထန်သော စိတ်ထားအမူအရာကြောင့် အပေါင်းအသင်းမရှိပေ။ ကျောင်းတိုင်းတွင်လည်း အများ၏ အနိုင်ကျင့် နှိပ်စက်မှုများကို ခံရ၍ ကျောင်းပြောင်းရင်း ယခု ကိုယ်ပိုင် အထက်တန်းကျောင်းသို့ ရောက်လာခြင်းဖြစ်သည်။ ဆံပင်မှာ ကုပ်ထောက် လောက်သာရှိပြီး ရှေ့ဆံပင်ကို မျက်လုံးတစ်ဖက်ပေါ်သို့ ဖုံးအုပ်ထား၏။ ချောက်ချားဖွယ် ကောင်းသည့် လှေကားပေါ်သို့တက်ရန် စိတ်လှုပ်ရှားနေ၍ လွယ်ထားသည့် ကျောပိုးအိတ် ကြိုးနှစ်ဖက်ကို လက်ဖြင့်ကျစ်နေအောင် ဆုပ်ကိုင်လိုက်သည်။ လှေကားတစ်ထစ်ပေါ်သို့ ခြေလှမ်းလှမ်းရန် ပြင်ချိန် မှာပင် ...

"ဖုန်း"

အနောက်ဘက်ကနေ ကြားလိုက်ရသည့် တစ်ခုခုကျသံကြောင့် သူ့တစ် ကိုယ်လုံး ကြက်သီးထသွား၏။ မည့်သည်အရာ ကျနေသည်ကိုသိချင်၍ ရင်တုန်တုန်နှင့် အနောက်ဘက်ကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်တော့

...

"အား ..."

တံခါးဝအပြင်ဘက်မှာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ချက်ချင်းပင် ကြောက်ရွံ့ကာ အော်လိုက်သည်။ တစ်ပြိုင်နက်ပင် ခန္ဓာကိုယ်မှာလည်း အနောက်ကနေ တစ်ယောက်ယောက်၏ တွန်းလှဲခြင်းကို ခံရသလိုဖြစ်သွားကာ မှောက်ရပ် လဲကျသွား၏။ မြင်လိုက်ရသည့် မြင်ကွင်းက မြေပြင်ပေါ်မှာ သွေးသံရဲရဲနှင့် သေနေသည့် ကျောင်းသူတစ်ဦး ဖြစ်နေသောကြောင့် ကြောက်လန့်မှုက နှလုံးရပ်မတတ်ပင်။

"ဂလုန် ဂလုန် ဂလုန် ဒုန်း ဒုန်း"

လှေကားပေါ်ကနေ အပြေးဆင်းလာကြသည့် လူတွေကြောင့် သူသည် ကြောက်ရွံ့ကာ မှောက်လျက်သာ ဝပ်နေလိုက်သည်။

"ဘယ်လိုလုပ်မလဲ"

"သေသွားပြီထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ"

"သူ့ကိုယ်သူ ခုန်ချလာတာလား၊ ငါတို့ ဘာမှလည်း မလုပ်ရပါဘူး၊ ဒုက္ခပါပဲ၊ တီချယ်တွေနဲ့တော့ ပြဿနာ တတ်တော့မှာပါ"

ကျောင်းသူများ၏ စကားသံကြောင့် ဆူးရစ်သည် မှောက်လဲနေရာကနေ ဖြည်းဖြည်းချင်း ပြန်ထလိုက်သည်။ သွေးသံရဲရဲနှင့် သေနေသည့် မိန်းကလေးအနားတွင် ကျောင်းသူ ကျောင်းသားတွေ ဝိုင်းရပ်နေကာ ဆူညံနေကြ၏။ သူကတော့ ကြောက်လွန်း၍ ဂရုမစိုက်တော့ဘဲ လှေကားပေါ်သို့ အမြန် ပြေးတက်သွားလိုက်သည်။ တက်သွားသည့် လှေကားအထပ်တိုင်းက စိတ်ချောက်ချားဖွယ် ကောင်းလွန်း၍ ပြေးနေတာကိုပင် မရပ်မနားနိုင်ဘဲ သုံးထပ်မြောက်သို့ အပြေးသွားလေသည်။ အပြေးတက်လာရ၍ အသက်

ပုံမှန် မရှုနိုင်အောင် မောပန်းနေရသည်။

"အခန်းက ဘယ်မှာလဲ"

အတန်းတက်ရမည်က အခန်းအေ ဖြစ်၍ အခန်းတိုင်းရှေ့မှာ ချိတ်ဆွဲထားသည့် အမှတ်စဉ် ဆိုင်းဘုတ်တွေကို လိုက်ကြည့်နေရင်း ...

"နင်ဘယ်အခန်းကလဲ"

အနောက်ကနေ ကြားလိုက်ရသည့် ယောကျ်ားလေး တစ်ယောက်၏ အသံကြောင့် ရင်တုန်သွားရသည်။ စိတ်လှုပ်ရှားစွာ နောက်ကလူကို လှည့်ကြည့်လိုက်တော့ ထိုလူက ကျောင်းသားတစ်ယောက် ဖြစ်နေသည်။

"နင်က ကျောင်းသူအသစ်လား"

"အင်း ဟုတ်"

"အခန်းဘယ်လောက်လဲ"

"အေ ပါ"

"အတူတူပဲ၊ ငါ့နောက်လိုက်ခဲ့"

ထိုကျောင်းသားက အခန်းလိုက်ပြပေးမည် ဖြစ်သည်။ ဆူးရစ်လည်း ထိုကျောင်းသား ခေါ်ရာနောက်ကိုလိုက်၏။

"ဒီအခန်းပဲ"

ထိုကျောင်းသားပြသော အခန်းထဲမှာ လူတစ်ယောက်မှ မရှိပေ။

"အခန်းထဲကလူတွေ ဘယ်ရောက်သွားတာလဲ"

"ကျောင်းအောက်ကို ဆင်းသွားကြတယ်လေ၊ အမ် ဒါနဲ့ နင့်နာမည် ဘယ်လိုခေါ်လဲ"

"ဆူးရစ်ပါ"

"ငါ့နာမည်က ခရစ်ပါ၊ ဒီအတန်းရဲ့ ခေါင်းဆောင်လေ၊ ဒီအခန်းက နင် အတန်းတက်ရမယ့် အခန်းပဲ"

"ဟုတ်၊ ဒါနဲ့ ခုနက ဘာဖြစ်ကြတာလဲဟင်"

ထိုကျောင်းသားဖြစ်သူ ခရစ်က ပြန်မဖြေသေးဘဲ အခန်းထဲကို ဝင်သွားလိုက်သည်။ ဆူးရစ်လည်း အခန်းထဲကို လိုက်ဝင်သွားလိုက်ပြီး အတန်းခုံတစ်နေရာတွင် ဝင်ထိုင်လိုက်သည်။ ခရစ်ကတော့ ပြတင်းပေါက်ဘောင်ပေါ်မှာ တက်ထိုင်လိုက်ပြီး အပြင်ဘက်ကို ငုံ့ကြည့်နေလိုက်သည်။

"တခြားအခန်းမှာလဲ ဘယ်သူမှ မရှိဘူးနော်"

"ခုနကပဲ ကျောင်းသူ တစ်ယောက်က ဒီကနေ ပြုတ်ကျသွားတာလေ"

"ဟင်"

"နင်လည်း တွေ့မှာပါ၊ အဲဒီကျောင်းသူထိုင်တဲ့ အတန်းက နင်ထိုင်တဲ့ ဘေးတွဲခုံကပဲ၊ နင်ထိုင်နေတဲ့ နေရာကလည်း မရှိတော့တဲ့ လူတစ်ယောက်ရဲ့ နေရာလေ"

"ဘာကိုပြောတာလဲ"

"အဲဒီနေရာပိုင်ရှင်က နှစ်လလောက်က သေသွားပြီ၊ သူက ကျောင်းအပေါ်ဆုံး ထပ်ကနေ ပြုတ်ကျတာပါ၊ သူ့ကိုယ်သူ သတ်သေသွားတယ် ဆိုပါတော့"

ကြားရသည်က ကြောက်စရာ ကောင်းလွန်း၍ ဆူးရစ်သည် ထပ်မမေးတော့ဘဲ ငြိမ်နေလိုက်သည်။ ခရစ်ကလည်း ပြတင်းပေါက်မှာသာ ထိုင်နေပြီး အပြင်ကိုငေးမောနေ၏။ မျက်နှာလည်း မရွှင်ပျသလိုပင်။ ဆူးရစ်လည်း စပ်စုတတ်သူ မဟုတ်၍ အေးအေးဆေးဆေးသာ နေလိုက်သည်။

"ကျီ ..."

"ဟမ်"

ဆူးရစ်သည် သူထိုင်နေသည့် ဘေးတွဲခုံက ရုတ်တရက် ရှေ့ကိုရွေ့သွားတာကြောင့်  လန့်သွားမိသည်။ ကျောင်းကို လာကတည်းက စိတ်ချောက်ချားနေသည့် ကြားက ယခုလည်း မသင်္ကာစရာ ချောက်ချားမှုတွေနှင့် ကြုံတွေ့ရ၏။ ရွေ့သွားသည့်ခုံကို အနောက်ဘက် ပြန်ရွှေ့မည်လိုက်တော့ ထိုင်ခုံ၏အစွန်းမှာ ပေနေသည့် သွေးစက်ကိုမြင်ပြီး ...

"ဟင် ... "

"ဘာဖြစ်လို့လဲ"

"ဟို ဟိုလေ၊ ခုံမှာသွေးတွေ"

"ခုနကပြုတ်ကျတဲ့ ကျောင်းသူက အဲဒီခုံနဲ့ ရိုက်ခံထားရတာလေ။ ဒီကျောင်းကို နင်ရောက်လာနိုင်တာ ကောင်းတယ်ပြောရမှာပဲ၊ ဒီကျောင်းနာမည်ကြီး ဆိုတာက နင်ထိုင်နေတဲ့ ခုံပိုင်ရှင်ရဲ့ မိန်းကလေးကြောင့်ပဲ၊ အဟက် တော်တော်ဆိုးနေတာပဲ"

"ဘာဖြစ်ကြတာလဲဟင်"

"ထားလိုက်ပါ၊ ဒါနဲ့ နင်က ဘာဖြစ်လို့ ဒီကျောင်းကို ပြောင်းလာတာလဲ"

"ဒီလိုပါပဲ၊ အခြေအနေကြောင့်ပါ"

"ဘယ်ကျောင်းကို ပြောင်းပြောင်း တိုက်ခိုက်မှုဆိုတာ တစ်ခုခုတော့ ရှိတာပဲ၊ နင်ဘယ်နေရာကို ရောက်ရောက် နင့်ကိုစောင့်ကြည့်နေတဲ့ အရိပ်တစ်ခုတော့ ရှိမှာပဲ၊ နင်ကံကောင်းမယ်လို့တော့ ထင်ပါတယ်"

ခရစ်ပြောနေသည့် စကားတွေကို ဆူးရစ်သည် နားမလည်နိုင် ဖြစ်နေ၏။ အတန်းထဲကို မည်သူမှလည်း မလာသေးတာကြောင့် ဆူးရစ်သည် အခန်းထဲကနေ ထွက်ကြည့်မည် လုပ်တော့ ...

"ဘယ်သွားမလို့လဲ"

"အခန်းသားတွေ ရောက်လာပြီလားလို့ ထွက်ကြည့်မလို့ပါ"

"မကြည့်ချင်ပါနဲ့တော့၊ ဒီနေ့လည်း ဘာမှထူးခြားမှာ မဟုတ်ဘူး၊ အခု နင် ကျောင်းရောက်လာတာလည်း ကျောင်းလွှတ်ချိန်နဲ့ နီးနေပြီ"

"အမ် ကျောင်းကို ရုတ်တရက် ပြောင်းလာလို့ပါ၊ နောက်နေ့မှ လာမလို့ပဲ၊ အိမ်ကလူတွေက အတင်းလာပို့လို့လာရတာ၊ အဲဒါကြောင့် နောက်ကျသွားတာ"

"နင်က ဘာဖြစ်လို့ ရုတ်တရက် ပြောင်းလာတာလဲ"

"ဒီလိုပါပဲ၊ ငါက အမြဲတမ်း ကျောင်းပြောင်းနေတာ"

"အင်း မမေးတော့ပါဘူး။ ဒီမှာတော့ သူငယ်ချင်းအသစ် ရလွယ်မှာ မဟုတ်ဘူးနော်၊ တစ်ယောက်တည်း ကျောင်းကောင်းကောင်း တက်နိုင်ဖို့ အရေးကြီးတယ်"

"ငါလည်း သူငယ်ချင်း မရှိပါဘူး၊ ဒါပေမဲ့ နင်နဲ့တော့ သူငယ်ချင်းလုပ်လို့ ရလားဟင်၊ အခုလို ငါ့ကိုစကားပြောတဲ့သူကို နင်တစ်ယောက်ပဲ တွေ့ဖူး သေးလို့"

"ရတယ်လေ၊ အတန်းသားချင်းပဲ မခင်ကြရင် ဘယ်ဖြစ်မလဲ၊ သူငယ်ချင်း လုပ်ကြတာပေါ့"

"ကျေးဇူးပါနော်"

"နင့်ပုံက ခပ်အေးအေးပဲ၊ နင့်ကိုကြည့်ရင်း သူငယ်ချင်း တစ်ယောက်ကို တောင် သတိရမိသွားတယ်"

"နင့်မှာတော့ သူငယ်ချင်းတွေ အများကြီး ရှိမှာပဲနော်"

"အတန်းခေါင်းဆောင်ပဲလေ၊ သူငယ်ချင်း မဟုတ်ရင်တောင် ရင်းနှီးနေ

ကြတာပဲ၊ တချို့ဆိုရင် လိုအပ်မှ ခင်ကြတာလေ။ ကိုယ်ကလိုသုံးပေ့ါ ... ဟုတ်တော့ ဟုတ်ပါဘူး ... ကိုယ်လည်း ဘယ်သူနဲ့မှ အရောသိပ်ဝင်တာမှ မဟုတ်တာ"

"အင်း အဲလိုပါပဲ၊ ဒါနဲ့လေ သန့်စင်ခန်း ဘယ်မှာလဲဟင်၊ သွားချင်လို့"

"ဒီအထပ်ရဲ့ ညာဘက် လှေကားဘေးမှာ ရှိတယ်၊ ဂရုစိုက်ပြီးတော့ သွားပါ"

"ကျေးဇူးနော်၊ အမြန်သွားပြီး ပြန်လာခဲ့ပါမယ်"

ဆူးရစ်သည် အခန်းထဲကနေ ထွက်လာလိုက်ပြီး ဘေးအခန်းတွေကို မသိမသာ လိုက်ကြည့်လိုက်သည်။ အခန်းတိုင်းတွင် ဆရာမတွေ အတန်းဝင်နေ၏။ အေ ခန်းတစ်ခန်းသာ လူမရှိရသည်မှာ ပြုတ်ကျသည့် ကျောင်းသူကိစ္စကြောင့် ဖြစ်လိမ့်မည်။ ထပ်ပြီး မစပ်စုတော့ဘဲ သန့်စင်ခန်းသို့သာ တည့်တည့်မတ်မတ် သွားတော့သည်။ သန့်စင်ခန်း ရောက်တော့လည်း စိတ်ချောက်ချားပြန်သည်။ ထို့ကြောင့် ပင့်သက်ချကာ စိတ်ထိန်းပြီး ရေစင်မှာ လက်ဆေးမည် လုပ်တုန်းပင် ...

"ဒုန်း"

သန့်စင်ခန်း အတွင်းဘက်ကနေ ကြားလိုက်သည့် အသံကြောင့် ဝိညာဉ်လွင့်မတက် လန့်သွားရသည်။ ဘေးနားကို လိုက်ကြည့်တော့လည်း မည်သူမျှမရှိပေ။ ကြောက်ပေမယ့်လည်း အသံကြားလိုက်သည့် အခန်းတွဲဆီကို ခြေတစ်လှမ်းချင်းဆီ လှမ်းကာ ဖြည်းဖြည်းချင်း လျှောက်သွား ကြည့်လိုက်သည်။

"ဒေါက် ဒေါက် "

"ဘယ်သူလဲ၊ အထဲမှာ ဘယ်သူရှိတာလဲ"

အသံကြားလိုက်ရသည့် အခန်းက တံခါးကိုခေါက်ကာ ခေါ်ကြည့်ပေမဲ့လည်း ကြောက်လွန်း၍ အသံမှာတုန်ရီနေ၏။ တုန်ရီနေသော လက်ဖြင့်လည်း တံခါးလက်ကိုင်ကို ကိုင်မည်လုပ်တော့ ...

"ကျွီ ... "

တံခါးက မဖွင့်ရသေးဘဲ ဖြည်းဖြည်းချင်း အလိုလိုပွင့်သွား၏။ အထဲမှာလည်း မည်သူမှမရှိတာကြောင့် အကြောက်လွန်ပြီး သန့်စင်ခန်းထဲက နေသာ အမြန်ပြေးထွက် လာလိုက်ရတော့သည်။ အတန်းထဲကို ပြန်လာတော့ ခရစ်က ယခုချိန်ထိ ပြတင်းပေါက် ဘောင်ပေါ်မှာထိုင်ကာ အပြင်ဘက်ကို ငေးမောနေတုန်းပင်။

"ဘယ်သူမှ မပြန်လာကြ သေးဘူးလားဟင်"

"ပြန်လာပြီလား၊ အမ် မျက်နှာက ဘာဖြစ်တာလဲ၊ မကောင်းတာတစ်ခုခု တွေ့ခဲ့လို့လား"

"အား ဟုတ်ဘူး၊ ဒီအတိုင်း ... နေရာအသစ်မို့ လန့်မိတာပဲ ထင်မယ်"

"အခန်းထဲမှာ တစ်ယောက်တည်း နေချင်ရင်နေပါ၊ ကိစ္စရှိလို့ အပြင်သွားလိုက်ဦးမယ်၊ တစ်ယောက်တည်းလည်း နေရဲတယ်မလား"

"ဘယ်သွားမလို့လဲ"

"တီချယ်ကို သွားခေါ်မလို့ပါ၊ ကျောင်းသူကိစ္စနဲ့ အခုထိ ရှင်းလို့ မပြီးသေးဘူးထင်တယ်၊ နင်လည်းလိုက်မလား"

"မလိုက်တော့ပါဘူး"

"ဒါဆို ငါသွားပြီ၊ သတိထားပြီးတော့လည်း နေပါ"

ခရစ်ကတော့ အခန်းထဲကနေ အမြန် ပြေးထွက်သွားသည်။ ဘာအရေးတကြီး ဖြစ်နေလို့လဲ ... ဆူးရစ်သည် ဂရုမစိုက်တော့ဘဲ စားပွဲခုံမှာ

ပြန်ဝင်ထိုင်လိုက်သည်။ ခုနက သန့်စင်ခန်းထဲမှာ သူကြုံရသည်ကလည်း စိတ်ကြောင့်သာ ဖြစ်လိမ့်မည်ဟု စိတ်ကို ငြိမ်အောင် ထားလိုက်သည်။ ထို့နောက် တစ်ယောက်တည်း အချိန်ကြာနေရင်း အိပ်ချင်လာမိသည်။ ဘယ်သူမှလည်း လာသေးမည် မထင်၍ စားပွဲပေါ်သို့ ခေါင်းတင်ကာ မှောက်အိပ်လိုက်သည်။

"ဒုန်း ထုန် ဖက် ဖက်"

"ရိုက် အဲဒီကောင်မကို ရိုက်"

"အဟင်း ... ဟင်း ... ဟင်း ..."

"ထုန် ဖက် ဖက်"

ထုရိုက်သံတွေနှင့် ငိုညည်းသံကြောင့် ဆူးရစ်သည် အိပ်ပျော်နေရာကနေ ချက်ချင်း လန့်နိုးသွားရသည်။ လန့်နိုးနိုးချင်းပင် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကြောက်လန့်သွားရသည်။ မိန်းကလေးတစ်စုက မိန်းကလေး တစ်ယောက်ကို ရက်ရက်စက်စက် ထုရိုက်နေကြ၏။ ထုရိုက်ခံနေရသည့် မိန်းကလေးသည် ထုရိုက်သူတွေကို တုံ့ပြန်နိုင်စွမ်းမရှိဘဲ အောက်တွင်သာ ပြားပြားဝပ်နေကာ ငိုညည်းနေရ၏။

"ဟေ့ နင်တို့ ဘာလုပ်နေကြတာလဲ"

ဆူးရစ်သည် မိန်းကလေးစုကို အော်ငေါက် လိုက်ပေမယ့်လည်း မည်သူမှ ဂရုမစိုက်ကြပေ။

"ဟိုလူ ခရစ် ဘယ်ရောက်နေတာလဲ"

အတန်းထဲမှာ ယောကျ်ားလေးတွေ တစ်ယောက်မှမရှိပေ။ ထုရိုက်ခံရသည့် မိန်းကလေး၏ တစ်ကိုယ်လုံးမှာလည်း သွေးတွေစွန်းနေပြီ။ ဆူးရစ်သည် ဘာလုပ်ရမှန်းမသိ၍ ထိုမိန်းကလေးအုပ်ကြားထဲ တိုးဝင်လိုက်ရာမှ

...

"ဟော့ ဆူးရစ် ထတော့ ... ကျောင်းလွှတ်ပြီ"

လူတစ်ယောက်၏ ခေါ်သံကြောင့်သည် အိပ်နေရာက ပြန်လန့်နိုးပြီး ခန္ဓာကိုယ်က ချက်ချင်း ထရပ်သွား၏။

"သူ ... သူ ... "

ရှေ့မှာရပ်နေသည့် ခရစ်ကို မြင်လိုက်တော့မှ အိပ်မက် မက်နေမှန်း သိလိုက်ရသည်။ အိပ်မက်ကြောင့် ကြောက်လန့်ပြီး တစ်ကိုယ်လုံးလည်း ချွေးစေးတွေ ပြန်နေ၏။

"ဘယ်သူမှ မလာကြဘူးလားဟင်"

"ဒီနေ့ ပြဿနာတက်လို့ ဘယ်သူမှ မလာတော့ဘူး၊ ကျောင်းလည်းလွှတ်ပြီ ပြန်ကြရအောင်"

"ဟင် လွှတ်ပြီလား၊ ဘယ်အချိန်ရှိနေလို့လဲ"

"လေးနာရီ ထိုးတော့မယ်"

"အကြာကြီး အိပ်မိသွားတာပဲ၊ အင်း ပြန်ရအောင်လေ"

"လာ မြန်မြန်ပြန်ရအောင်"

နှစ်ယောက်သား အခန်းထဲကနေ အမြန် ထွက်လာလိုက်ကြသည်။ ကျောင်းက မည်သည့် အချိန်ကတည်းက လွှတ်သွားမှန်းမသိ။ အခန်းတွေတိုင်းမှာလည်း မည်သူမှလည်း မရှိတော့ပေ။ ကျောင်းမီးလုံးတွေလည်း ဖွင့်ထားကြပြီ။ လှေကားပေါ်ကနေ ဆင်းနေရင်းလည်း နောက်ကနေ တစ်ယောက်ယောက်က လိုက်နေသလိုပင် ခံစားနေရသည်။

"ကျောင်းထဲကနေ အမြန်ထွက်ကြရအောင်"

ခရစ်၏ ခြေလှမ်းတွေက ပိုမြန်လာ၍ ဆူးရစ်လည်း လှေကားပေါ်ကနေ

အပြေး လိုက်ဆင်းရတော့သည်။

"မြန်မြန်လာ"

"ဘာဖြစ်လို့လဲ ... ငါမောနေပြီ၊ ဟမ်"

ခရစ်သည် ဆူးရစ်၏လက်ကို လှမ်းဆွဲလိုက်ပြီး လှေကားပေါ်ကနေ အပြေးဆင်းတော့သည်။

"ဂလုန် ဂလုန် ဂလုန် ဂလုန်"

"ဂလုန် ဂလုန်"

ပြေးဆင်းသည့် ခြေသံအတိုင်း အနောက်ကနေလည်း တစ်ယောက်ယောက်၏ ခြေသံက လိုက်လာသလိုပင်။

"ခရစ် ငါတို့နောက်ကို တစ်ယောက်ယောက် လိုက်လာသလိုပဲ"

"ဒုန်း ဒုန်း ဒုန်း"

"ဂလုန် ဂလုန် ဂလုန်"

"အား ... "

"ဖုန်း"

နှစ်ယောက်သား အလျင်အမြန် ပြေးဆင်းရင်း ကျောင်းဆောင်ထဲကနေ ထွက်သည်နှင့် မြေပြင်ပေါ်သို့ မှောက်လဲသွားကြသည်။ ဆူးရစ်ကတော့ ကြောက်လွန်း၍ အမြန်ပြန်ကုန်းထပြီး ထပ်ပြေးမည်လုပ်တော့ ခရစ်က ရှေ့ကနေ ထတားလိုက်သည်။

"ရပြီ၊ ပြေးစရာ မလိုတော့ဘူး"

"ဟို ဟိုလေ ... ဘာ ဘာကြောင့်"

"တော်ပြီ မမေးနဲ့တော့၊ ပြန်ကြရအောင် ... အိမ်ပြန်လိုက်ပို့ပေးမယ်"

"အမ် အင် အင်"

"နောက်ကို ပြန်လှည့်မကြည့်ပါနဲ့၊ ရှေ့ကိုပဲ လျှောက်သွားပါ"

ဆူးရစ်လည်း ကြောက်လွန်း၍ ဘာကိုမှပြန်မတွေးဘဲ ခရစ်နောက်ကို လည်း လိုက်သွားလိုက်သည်။ ဘယ်အချိန်ရှိပြီလဲ … လမ်းတောင် မှောင်နေပြီ။ ဘတ်စ်ကားအလာကို မှတ်တိုင်မှာ နှစ်ယောက်သား စောင့်နေရင်း …

"ခုနက ငါတို့နောက်မှာလေ"

"မမေးပါနဲ့ … မိုးလည်းချုပ်တော့မယ်၊ ဘာမှတော့မဖြစ်ပါဘူး၊ မိုးချုပ်တော့မှာမို့ ကျောင်းမှာရှိနေရင် မကောင်းဘူးလေ၊ နောက်ကအသံက ခြေပွဲတင်သံပါ၊ ဘာမှ ကြောက်စရာ မရှိပါဘူး၊ နောက်ဆို ကျောင်းလွှတ်ခါနီး အိပ်မပျော်စေနဲ့၊ ကျောင်းလွှတ်တာနဲ့ ကျောင်းဆောင်ကနေ အမြန်ထွက်ပါ၊ ငါနဲ့မဆုံဖြစ်ရင် နင်ဒုက္ခရောက်နေမယ်"

"ဟမ် အင်း …၊ ကျေးဇူးပါ"

"နောက်နေ့တွေလည်း သတိထားနေပါ၊ လူတွေက အမူအကျင့် တူကြတာ မဟုတ်ဘူး"

"ဟုတ်"

"ဘတ်စ်ကားလာပြီပဲ၊ အမြန်တက်ရအောင်"

အနားကို ရောက်လာသည့် ဘတ်စ်ကားပေါ်သို့ နှစ်ယောက်သား အမြန်တက်သွားလိုက်ကြသည်။

***